mgyoe.com


SAMPLE BOOK

# သင့်ဘဝ သင်ပြုသမျှ အကြောင်း

မောင်ချို(စိတ်ပညာ)

# How will you measure your life

Clayton. m. Christensen



mgyoe.com

mgyoe.com
SAMPLE BOOK



အောင်မြင်မှုဆိုတာ အလုပ်နဲ့ ဘဝကို သဟဇာတဖြစ်အောင် ညှိယူနေထိုင်ခြင်းက ပေးစွမ်းနိုင်တဲ့အရာသာ ဖြစ်ပါတယ်။ အလုပ်ဆိုတာ မြင်သာတယ်၊ စတယ်၊ ဆက်လုပ်တယ်၊ အဆုံးသတ်တယ်၊ အကျိုးရလဒ်ကို မြင်ရတယ်၊ မိသားစုကိစ္စဆိုတာကျတော့ တစ်မျိုးပေါ့။

၂၁ ရာစုထဲကို ဝင်လာတဲ့အခါမှာတော့ ခေတ်ရဲ့တောင်းဆိုမှုတွေကြောင့် မိသားစု အတူနေရတဲ့အချိန်တွေ လျော့နည်းသည်ထက် လျော့နည်းလာတယ်။ ကောင်းတဲ့နိမိတ်တော့မဟုတ်ဘူးလို့ ပညာရှင်တွေက မြင်ကြတယ်။ ဒါဆို ဘာလုပ်ရင်ကောင်းမလဲ။

“မင်းတို့ သင်ထား၊ တတ်ထားတဲ့ စီမံခန့်ခွဲမှုပညာဆိုတာ ငွေတွေ အများကြီးရှာဖို့ သက်သက်မဟုတ်ဘူး။ ဘဝရဲ့အေးငြိမ်းတဲ့ ပျော်ရွှင်၊ စိတ်ချမ်းသာမှုကို ရှာလို့ရတဲ့ပညာပါ...”

‘တစ်ခါတည်းပါ’

တစ်ခါတည်းပါ၊ ဒါပေမဲ့ အတိုင်းအဆကျတော့ မှန်းလို့မရတော့ဘူး။ ဟုတ်ပါတယ်။ တစ်ခါတည်းပါပဲ။ ဒါပေမဲ့ ဒီလိုတစ်ခါတည်းပါဆိုတဲ့စကားကို ခင်ဗျားတို့၊ ကျွန်တော်တို့ ဘဝမှာ ဘယ်နှကြိမ်လောက် သုံးကြမှာလဲ။

ကြိုတင်တွေးတတ်ဖို့ လိုပါတယ်။ ရှေ့ကို ကြိုတင်မြင်ထားဖို့ လိုပါတယ်။ အနာဂတ်မှာ မထင်မှတ်တာတွေ ပေါ်နိုင်တယ်ဆိုတာ သေချာတဲ့ အယူအဆပါ။ “ကိစ္စမရှိပါဘူး၊ ခါတိုင်းလည်း ဒီလိုပဲ မထင်ထားတာတွေ ပေါ်လာတတ်တာပဲ၊ ဖြစ်လာမှ မီးစင်ကြည့်ကတာပေါ့” ဆိုတဲ့ စိတ်ထားမျိုးဟာ စီမံခန့်ခွဲသူတွေ ထားရမယ့် သဘောထား လုံးဝမဟုတ်ပါဘူး။ စီမံခန့်ခွဲသူတွေဟာ ရှေ့အနာဂတ်ကို ကြည့်တတ်၊ မြင်တတ်ကြရမှာပါ။

ISBN 9789997137449
MC14
9 789997 137449
MMK 4,000.00

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ထုတ်ဝေသူ | • ဒေါ်အိဝတ်ရည်ထွန်း၊ |
| | • ဂျူတီစာပေ(၀၂၀၇၇)၊ |
| | • အမှတ်(၄၉၉)၊ဖ-လွှာ(က)၊ |
| | • ဓမ္မာရုံလမ်း၊(၁၀)ရပ်ကွက်၊ |
| | • လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | • ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊ |
| | • ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၂၊ ဇူလိုင်လ

မောင်ချို(စိတ်ပညာ)/
သင့်ဘဝ သင်ပြုသမျှအကြောင်း
စာမျက်နှာ ၆၀ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ

mgyoe.com

mgyoe.com SAMPLE BOOK




Clayton. M. Christensen ၏
How will you measure your life ကို
ပြန်ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

– ဟားဗတ်စီးပွားရေးကောလိပ်ကျောင်း၏
ကဝိဂုဏ်ပြု သုံးသပ်ချက်စာစဉ်များ ၃
– မူရင်းစာရေးသူအကြောင်း တစေ့တစောင်း ၅

၁။ သင့်ဘဝကို ဘာနဲ့တိုင်းမလဲ ၇
၂။ သင့်ဘဝအတွက် ဗျူဟာတစ်ခုတော့ ရှိသင့်တယ် ၁၇
၃။ အစွမ်းအစတွေ ဘယ်လိုအကွက်ချသုံးမလဲ ၂၅
၄။ ဓလေ့တွေကို ပြင်ရတော့မှာပေါ့ ၃၃
၅။ အပိုဆောင်းငွေတွေ သိပ်စိုက်မသုံးမိစေနဲ့ ၄၁
၆။ အပိုးကျိုးကျိုး နေတတ်ဖို့လိုပါတယ် ၄၉
၇။ ကိုယ့်အထွာနဲ့ ကိုယ်တိုင်းပါ ၅၅
– လိုရင်းချုပ်သော် ၅၉

♦

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဟားဗတ်စီးပွားရေးကောလိပ်ကျောင်း၏
ကဝိဂုဏ်ပြု သုံးသပ်ချက်စာစဉ်များ



ဤစာစဉ်များကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ကာလ (၁၉၂၂ ခုနှစ်ကပင်) ကပင် စဉ်ဆက်မပြတ် ထုတ်ဝေခဲ့သော စာစဉ်များ ဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်ရဲ့ သမားရိုးကျအတွေးများကို ထိုးဖောက်၍ အတွေးအမြင်သစ်များကို ရှာဖွေ

mgyoe.com

mgyoe.com

တင်ပြထားပါတယ်။ အတွေးအမြင်သစ်များကို ရှာဖွေသည်ဟု ဆိုရာတွင် သုတေသနပေါင်းများစွာကို လုပ်ခဲ့ပြီးမှ ရလာသောရလဒ်များပေါ် အခြေခံ၍ အတွေးသစ်၊ အမြင်သစ်များ ထုတ်ဖော်ပြီး ရိုးရှင်းသော အရပ်သုံးစကား များဖြင့် ရေးသား၍ စာဖတ်သူတို့ ဗဟုသုတရစေရန် ရည်ရွယ်၍ထုတ်ဝေ သော စာစဉ်များဖြစ်ပါတယ်။ ဤစာစဉ်များကို တာဝန်ယူရေးသားကြရသော ပညာရှင်များမှာ Oxford* တက္ကသိုလ် အပါအဝင် တခြား ဂုဏ်ထူးဆောင် တက္ကသိုလ်ကြီးများမှ မဟာဘွဲ့၊ ပါရဂူဘွဲ့ ရထားသူများ ဖြစ်ကြပါတယ်။ စာစဉ်များပါ အကြောင်းအရာများမှာ အလွန်လေးနက်သော်လည်း အရေး အသားမှာမူ ရိုးရှင်း၍ အများသူငါ နားလည်သော ဝေါဟာရများကိုသာ သုံး၍ ရေးသားထားပါတယ်။ Harvard Business School (HBS) ကျောင်းသားများအတွက် ထုတ်ဝေသောစာစဉ်များဖြစ်၍ The Harvard Business Review ဟု လူသိများသော စာစဉ်များဖြစ်ပါတယ်။

◆

*Oxford တက္ကသိုလ်သည် သက်တမ်း နှစ် ၆၀၀ ကျော်နေပြီဖြစ်ပြီး ကမ္ဘာ့ အဆင့် (၁) တွင် ရပ်တည်နေသော ဂုဏ်ထူးဆောင်တက္ကသိုလ်ကြီး ဖြစ်ပါသည်။ Harvard Business School ဟားဗတ် စီးပွားရေးကောလိပ်ကျောင်းသည် အမေရိကန်နိုင်ငံ၊ မက်ဆာချူးဆက် Massachusetts ပြည်နယ်၊ ဘော်စတွန် Boston မြို့တွင် ရှိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မူရင်းစာရေးသူအကြောင်း တစေ့တစောင်း



ဒီစာတမ်း 'How will you measure your life?' ကို ရေးတဲ့ ပညာရှင်က Clayton M. Christensen ဖြစ်ပါတယ်။ စာရေးအား အလွန်ကောင်းတဲ့ ပညာရှင်ဖြစ်ပါတယ်။ ဒီနေရာမှာ M. Christensen ရေးခဲ့သော စာတမ်း၊ စာအုပ်၊ ကျမ်းများကို ဖော်ပြနေပါက စာရှည်သွားပါမယ်။ စာရေးဆရာ M. Christensen အကြောင်းပဲ ပြောပါ့မယ်။ ဒီစာရေးသူဟာ ကိုယ်တိုင်လည်း စီးပွားရေးလုပ်တယ်။ အောင်မြင်တဲ့ စီးပွားရေးတွေကို ကိုယ်တိုင်ကွပ်ကဲနေသူဖြစ်သလို စီးပွားစီမံဘာသာရပ်ကိုလည်း ပို့ချနေတဲ့ ပါမောက္ခတစ်ဦးလည်း ဖြစ်တယ်။ Oxford တက္ကသိုလ်ထွက်တစ်ဦးပါ။

mgyoe.com

mgyoe.com


ကျောင်းသားဘဝက Oxford Basketball Team တက္ကသိုလ် ဘတ်စကက်ဘော လက်ရွေးစင်လည်း ဖြစ်တယ်။ ဘာသာတရား လွန်စွာ ကိုင်းရှိုင်းသူလည်း ဖြစ်တယ်။ Mr. Christensen ရဲ့ ဘဝဒဿနဟာ အဆင့်မြင့်ပညာတွေ သင်ထားပြီး ဒီပညာတွေကို အလုပ်နဲ့ မိသားစုဘဝမှာ မျှမျှတတ အချိုးညီ အသုံးချဖို့ လိုတယ်လို့ ဆိုထားပါတယ်။ သူ့လက်ထွက် တပည့်တွေကိုလည်း သူ့ရဲ့ဘဝ ဒဿနတွေကို လိုက်နာကျင့်သုံးဖို့ တိုက်တွန်း လေ့ရှိပါတယ်။ Clayton M. Christensen ရဲ့ အယူအဆတွေဟာ တစ်ဖက်စွန်းမကျတဲ့ အယူအဆတွေဖြစ်တာကြောင့် စာဖတ်သူ သင့်အနေနဲ့ လက်မခံနိုင်စရာမရှိပါဘူး။ တစ်ချိန်တည်းမှာ သင်ဟာ ကံကောင်းသူတစ်ဦး လို့လည်း ယူဆလိုက်လို့ ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစာအုပ်ကို ဖတ်ခွင့်ရလို့ပါ။


အကြိုကောင်း၊ ဥာဏ်ကောင်းများ ရပါစေ။

♦

mgyoe.com

mgyoe.com SAMPLE BOOK

သင့်ဘဝကို ဘာနဲ့တိုင်းမလဲ




ကျွန်တော့်ရဲ့စာအုပ် 'တီထွင်သူတို့၏ ဘေးကျပ်နံကျပ် အခြေအနေ' The Innovator's Dilemma မထွက်ခင်လေးတင်မှာ ကျွန်တော့်ဆီကို Intel ရဲ့ ဥက္ကဋ္ဌကြီးဆီက တယ်လီဖုန်းဝင်လာတယ်။ Intel ရဲ့ ဥက္ကဋ္ဌ ဖြစ်သူ Mr. Andrew Grove ကိုယ်တိုင် ကျွန်တော့်ဆီ ဖုန်းဆက်တာပါ။ Intel ဆိုတာ ကမ္ဘာ့ထိပ်တန်းစာရင်းဝင် နည်းပညာကော်ပိုရေးရှင်းကြီး ဖြစ်ပါတယ်။ Mr. Andrew Grove က ကျွန်တော့်ကို သူနဲ့ အလုပ် သဘော လာတွေ့ရန် ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ Intel ဥက္ကဋ္ဌကြီးက

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်ရဲ့ 'ကြားဝင်ခြေကုပ်ယူခြင်းနည်းပညာ' 'disruptive technology' ခေါ် စီးပွားရေးဆိုင်ရာ စာတမ်းများကို သူ လေ့လာဖတ်မှတ်ပြီးသား ဖြစ်ကြောင်းနဲ့ အဆိုပါစာတမ်းများနဲ့ပတ်သက်ပြီး ဆွေးနွေးလိုကြောင်း ပြောလာတာပါ။ Intel ဥက္ကဋ္ဌကြီးနဲ့ စကားပြောခွင့်ရခြင်းဟာ မဟာအခွင့် အရေးကြီးပါ။ ကျွန်တော် ချိန်းတဲ့ရက်၊ ချိန်းတဲ့အချိန်နဲ့ ချိန်ကိုက်ပြီး Intel ရှိရာ Silicon Vally ဆီလီကွန်တောင်ကြားသို့ ကဆုန်ပေါက် ပြေးသွား ပါတော့တယ်။ ဥက္ကဋ္ဌကြီးနဲ့တွေ့တော့ သူက ဘာပြောသလဲဆိုတော့ "၁၀ မိနစ်လောက်တော့ အချိန်ရတယ်။ ရတဲ့အချိန်လေးအတွင်းမှာ မောင်ရင် ရဲ့ စီးပွားရေးဗျူဟာကို ကျုပ်တို့ရဲ့ Intel မှာ ဘယ်လိုသုံးရင် အကျိုးရှိမယ် ဆိုတာ ခြုံပြီးပြောနိုင်မလား" တဲ့။

ကျွန်တော်က မရနိုင်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျာလို့ ပြန်ပြောလိုက်တယ်။ အနည်းလေး မိနစ် ၃၀ လောက် ရရင်တော့ ကျွန်တော် ရှင်းပြနိုင်မှာပါ လို့ ဆက်ပြောလိုက်တယ်။ အဲဒီတော့ Mr. Grove က ဘာပြောသလဲဆို တော့ "မဟုတ်သေးဘူးလေ၊ မောင်ရင့် စီးပွားရေးဆိုင်ရာ သုတေသန တွေ့ရှိချက်ဟာ ကျုပ်တို့ Intel အတွက် ဘာတွေလုပ်ပေးနိုင်မလဲဆိုတာ လိုရင်းတိုရှင်း ၁၀ မိနစ်လောက်နဲ့ ရှင်းပြလို့မရဘူးလား" လို့ ထပ်ပြောတယ်။ ကျွန်တော်တို့နှစ်ယောက် စကားပြောနေတာတောင် ၁၀ မိနစ်လောက် ကုန်သွားပြီ။ မရပါဘူးခင်ဗျာလို့ ကျွန်တော် ထပ်ပြီးငြင်းတယ်။

ကျွန်တော့်ရဲ့ 'ကြားဝင်ခြေကုပ်ယူခြင်းနည်းပညာ' disruptive technology ဆိုတာ စီးပွားရေးဆိုင်ရာ စီးပွားရေးဈေးကွက် ချဲ့ထွင်ပုံစံ ဖော်ရာမှာ လုပ်ထားတဲ့ သုတေသနတွေ့ရှိချက်တွေပါ။ ဒီနည်းပညာကို နားလည်အောင် ရှင်းပြရမယ်ဆိုရင် အချိန်တိုအတွင်းမှာ မဖြစ်နိုင်ပါဘူး။ ဒီသုတေသနကိုလည်း Nucor ဆိုတဲ့ သံမဏိစက်ရုံကလေးပေါ် အခြေခံ ပြီး လုပ်ထားတာပါ။ Nucor သံမဏိလုပ်ငန်းငယ်လေးဟာ ဝယ်ယူသူ တွေနဲ့ တိုက်ရိုက်ထိတွေ့နေတဲ့ လက်လီဆိုင်ကလေးတွေအထိ ရောက်အောင် ဆင်းပြီး သူတို့ထုတ်လုပ်တဲ့ သံမဏိထည်တွေကို လက်လီဈေးကွက်မှာ ခိုင်မာအောင် ဦးစွာလုပ်တယ်။ ပြီး တဖြည်းဖြည်းချင်း ကြားခံလက်ကား ကိုယ်စားလှယ်တွေကို မွေးယူတယ်။ အောက်ခြေလက်လီဈေးကွက်ကို

mgyoe.com

mgyoe.com SAMPLE BOOK


ကြားဝင်ခြေကုပ်ယူလိုက်ပြီးမှ ကုန်စည်ဖြန့်ဖြူးရေးကို တိုးချဲ့လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ Nucor နဲ့ Intel တို့ဟာ လုပ်ငန်းသဘာဝချင်း ကွာလွန်းပါတယ်။ ဒါကြောင့် Nucor မှာသုံးတဲ့ disruptive technology ကို Intel မှာ ဘယ်လိုသုံးရင်တော့ဖြင့် ရနိုင်တယ်ဆိုတာ အချိန်ယူဆွေးနွေးပြီးမှ ပြောလို့ရမယ်ဆိုတာကို Intel ဥက္ကဋ္ဌကြီးကို အသိပေးရှင်းပြလိုက်တာပါ။ "ရပြီ... ရပြီ... မောင်ရင် ပြောလိုတာ သဘောပေါက်ပြီ..." လို့ ဥက္ကဋ္ဌကြီးက ပြောပါတယ်။ ပြီးတော့ မောင်ရင့် သီအိုရီတွေ Intel မှာ သုံးလို့ဖြစ်တယ် မဟုတ်လားလို့ ရေလာမြောင်းပေး မေးခွန်းတွေမေးပါတယ်။ ကျွန်တော် ဒီမေးခွန်းတွေကို မဖြေပါ။ အချိန်ယူဆွေးနွေးပြီး နှစ်ဖက်စဉ်းစားပြီးမှသာ ဆုံးဖြတ်နိုင်မယ့်အကြောင်းပြောပြီး ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့ပါတယ်။

တွေ့ဆုံပွဲပြီးတဲ့နောက်ပိုင်း ဒီတွေ့ဆုံပွဲအကြောင်းကို ကျွန်တော် အကြိမ်ကြိမ် စဉ်းစားမိတယ်။ အကြိမ်ပေါင်း ထောင်သောင်းမကပါဘူး။ မကြာမကြာဆိုသလို ဒီတွေ့ဆုံမှုကို စဉ်းစားမိတယ်။ ကျွန်တော်လုပ်ခဲ့တာ မှန်ပါတယ်။ ကျွန်တော် ဘာကိုမျှ လက်လွတ်စပယ် မပြောခဲ့ပါဘူး။ Intel ဥက္ကဋ္ဌကြီး Andrew Grove ဟာ ကျွန်တော့်ဆီက ဘာကတိမျှ လွယ်လွယ်နဲ့ ရမသွားခဲ့ပါဘူး။ ကျွန်တော်သာ Mr. Andrew ရဲ့ အကြိုက်လိုက်ပြီး ပြောခဲ့မယ်ဆိုရင် ကျွန်တော် ဒီနေ့လို လွတ်လွတ်လပ်လပ် ရှင်သန်ခွင့်ရမှာ မဟုတ်ပါဘူး။ ကျွန်တော် ပြောလိုတဲ့အကြောင်းအရာက ဒီလိုပါ။ လူတစ်ယောက်ဟာ တစ်ဖက်က အတင်းအကျပ် လိုချင်တာ၊ သိချင်တာကို မေးလာရင် လက်လွတ်စပယ် တစ်ဖက်သားအကြိုက်လိုက်ပြီး ဖြေဖို့မဟုတ်ပါဘူး။ ကျွန်တော်ဆိုလိုတာ ဒီလိုပါ။ "တစ်ဖက်သားကို သူ့ဟာသူ သိအောင် စဉ်းစားပါစေ" ဆိုတာကိုပါ။

Mr. Andrew Grove နဲ့ တွေ့လိုက်ရခြင်းမှ ကျွန်တော့်အတွက် ဘဝတစ်သက်စာ သင်ခန်းစာကြီးတစ်ခု ရလိုက်ပါတယ်။ တစ်ဖက်သားကို သူ့ဟာသူသိအောင် စဉ်းစားဖို့ လမ်းဖွင့်ပေးလိုက်တာဟာ အကောင်းဆုံးနည်းဖြစ်ပါတယ်။ အမှန်က ဒါ့ထက်လေးနက်တဲ့ အကြောင်းအရာတွေ ရှိပါတယ်။ ဒါကြောင့် ဒီမှာကြုံတုန်း ပြောလိုတာက တစ်ဖက်သားကို မေးတာထက် ကိုယ့်ဘာသာကိုယ် မေး၊ ကိုယ့်ဘာသာကိုယ် ဖြေနိုင်ဖို့

mgyoe.com

mgyoe.com  SAMPLE BOOK 

ကြိုးစားသင့်ပါတယ်။ တစ်နည်းပြောရရင် လူဟာ ကိုယ့်ကြမ္မာကိုယ် စီမံနိုင်ဖို့ အရေးကြီးတယ်ဆိုတဲ့အချက်ကို ပြောချင်တာပါ။

ဒီလို ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်စွမ်းရှိအောင် လူငယ်တွေကိုလည်း လမ်းပြပေးခဲ့ပါတယ်။ ကျွန်တော် Harvard Business School မှာ စာပေသင်ကြားပို့ချနိုင်ခွင့် ရှိလာတဲ့အခါမှာလည်း ကျွန်တော့်တပည့်တွေကို ပြဋ္ဌာန်းသင်ရိုးတွေ ကျေကျေညက်ညက် နားလည်သဘောပေါက်အောင် သင်ကြားပေးခဲ့ရုံသာမက အချိန်ရတိုင်း ကိုယ်သင်ယူတတ်မြောက်ထားတဲ့ အသိပညာ၊ အတွေးအခေါ်၊ သီအိုရီတွေကိုပါ ကိုယ့်ဘဝအတွက် ကိုယ် အကောင်းဆုံးစီမံကွပ်ကဲနိုင်ဖို့နဲ့ ကိုယ့်ကြမ္မာကိုယ် ဦးဆောင်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်နိုင်စွမ်းရှိဖို့ လိုတယ်ဆိုတာ တဖွဖွ ပြောခဲ့ပါတယ်။ လုပ်ငန်းတွေ တစ်ခုနှင့်တစ်ခု မတူသလို၊ ကုမ္ပဏီကြီးတွေရဲ့ သဘာဝတွေဟာလည်း တစ်ခုနဲ့တစ်ခု မတူသလို၊ ဒီကုမ္ပဏီကြီးတွေ တိုးတက်လာဖို့ ရှိရင်းအခြေအနေထက် ပိုမိုကောင်းမွန် တိုးတက်ဖို့ လုပ်ရာမှာလည်း လှေနံဓားထစ်နည်းနဲ့ လုပ်လို့မရပါဘူး။ လုပ်ငန်းရဲ့ သဘောသဘာဝပေါ် မူတည်ပြီး ကိုက်ညီမယ့် သီအိုရီ၊ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ အသုံးပြုကြရပါတယ်။

အလားတူပါပဲ။ လူတွေဟာလည်း တစ်ယောက်နဲ့တစ်ယောက် မတူပါဘူး။ ကိုယ်က ကိုယ်တိုးတက်အောင်လုပ်ဖို့ဆိုရင် ကိုယ့်မှာ ကိုယ့်နည်း ကိုယ့်ဟန်ရှိဖို့လိုပါတယ်။ ကိုယ့်ဘဝကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်သူတွေဟာ ကိုယ့်ဘဝကို အမှန်တကယ် တိုးတက်အောင် လုပ်နိုင်ပါတယ်။ တိုးတက်တယ်ဆိုရာမှာ မူလအခြေအနေထက် ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်နိုင်တာကို ရည်ညွှန်းတာပါ။ မူလအခြေအနေထက် ပိုမိုကောင်းမွန် တိုးတက်လာခြင်းမှာ ဉစ္စာဓနတိုးတက်လာခြင်း၊ ဝင်ငွေ လုပ်ခလစာ တိုးတက်လာခြင်း၊ ရာထူးတိုးတက်လာခြင်းတို့အပြင် လူမှုရေးပိုင်း တိုးတက်လာခြင်း၊ ကျန်းမာရေးပိုင်း တိုးတက်လာခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်လာခြင်း၊ လောကအမြင်ကျယ်လာခြင်း... စသည်တို့လည်း ပါဝင်ပါတယ်။

ကျွန်တော့်ထံမှာလာပြီး ပညာသင်ယူနေကြတဲ့ တပည့်တွေကို စာသင်နှစ်ကုန်တိုင်း သင်ပေးထားသမျှ စီးပွားရေးဆိုင်ရာသီအိုရီတွေ၊ လုပ်ထုံး

mgyoe.com

mgyoe.com SAMPLE BOOK


လုပ်နည်းတွေ စတာတွေကို လုပ်ငန်းခွင်မှာသာမက မိမိရဲ့မိသားစု သာယာပျော်ရွှင်ရေးတွေမှာပါ အသုံးချဖို့ အလေးအနက်ထားပြီး တိုက်တွန်းခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း ခုလိုတိုက်တွန်းမှာကြားတဲ့ အလုပ်ကို လုပ်ခဲ့ပါတယ်။ မပျက်ကွက်ခဲ့ပါဘူး။ ကျွန်တော့်တပည့်တွေကို ဘဝရဲ့ အရေးအကြီးဆုံး မေးခွန်းသုံးပုဒ်ကို တိကျပြည့်စုံတဲ့ အဖြေပေးဖို့ မေးခဲ့ပါတယ်။

ဒီမေးခွန်းတွေကတော့...

၁။ ငါ့ရဲ့အသက်မွေးဝမ်းကျောင်း ပညာရပ်ဟာ ငါ့ဘဝကို အမှန်တကယ် ပျော်ရွှင်ချမ်းမြေ့အောင် ဖန်တီးပေးနိုင်ပါ့မလား။

၂။ ပျော်ရွှင်မှုဆိုတာ အလုပ်ထဲမှာသာမက ငါ့ဇနီး၊ ငါ့သားသမီးတွေ၊ ငါ့မိ၊ ငါ့ဘ၊ ငါ့ဆွေမျိုး၊ ငါ့မိတ်ဆွေသင်္ဂဟတွေထဲမှာကော ရှာဖွေလို့ တွေ့နိုင်ပါမလား။

၃။ ငါ့ဘဝတစ်လျှောက်လုံး လူမှုကျင့်ဝတ် ပျက်ပြားမှုမရှိအောင် နေနိုင်ပါ့မလား၊ တစ်သက်လုံး ရာဇဝတ်ပြစ်မှုကင်းတဲ့ အနေအထားကို ဖန်တီးထားနိုင်ပါ့မလား။

တတိယမေးခွန်းကို ကျွန်တော် ဘာလို့မေးသလဲဆိုတော့ ကျွန်တော့်လက်ထွက် ဒီ Harvard တက္ကသိုလ်ကြီးရဲ့ ရင်နှစ်သည်းချာ သားတပည့်ဖြစ်တဲ့ လူနှစ်ယောက်ဟာ ဥပဒေနဲ့ငြိစွန်းပြီး ထောင်တန်းကျသွားခဲ့ဖူးတဲ့ မှတ်တမ်းရှိနေလို့ပါ။ ဟုတ်ပါတယ်။ ကျွန်တော် ပညာသင်ပေးလိုက်တဲ့ Rhodes* ပညာသင်ဆုနဲ့ Harvard မှာ စာလာသင်ကြတဲ့ ကျောင်းသား/သူ ၃၂ ယောက်အနက်က နှစ်ယောက်ဟာ ပြင်ပစီးပွားရေးနယ်ပယ်ထဲ ရောက်သွားပြီးနောက်မှာ ပြစ်မှုကျူးလွန်လို့ ထောင်ကျသွားကြတယ်။ ဒါ မဖြစ်သင့်၊ မဖြစ်ကောင်းတဲ့ကိစ္စပါ။ ကမ္ဘာ့ဂုဏ်ထူးဆောင် Oxford တက္ကသိုလ်ကြီးရဲ့ လက်အောက်ခံ HBS Harvard Business School ကျောင်းထွက်တွေဟာ

* Rhodes ပညာသင်ဆု၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ (သို့) ဓနသဟာယနိုင်ငံမှာ ကျောင်းသားများအား Oxford တက္ကသိုလ်ပညာသင်နိုင်ရန် ချီးမြှင့်လေ့ရှိသော ပညာသင်ဆု။ 1902 ခုက Cecil Rhodes က တည်ထောင်ခဲ့သော ပညာသင်ဆုဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ထောင်တန်းကျတယ်ဆိုတာ လုံးဝမဖြစ်ကောင်း၊ မဖြစ်ထိုက်တဲ့ကိစ္စပါ။ ဘာကြောင့် ဒီလိုဖြစ်သလဲဆိုတာ အထက်မှာမေးထားတဲ့ မေးခွန်း (၁) နဲ့ (၂) ရဲ့ အဖြေတွေပေါ် အခြေခံပြီး တွေးကြည့်ရမှာပါ။ ဒီလူငယ်နှစ်ယောက်ဟာ လူတော်လူကောင်းတွေဆိုတာ ကျွန်တော့်ရဲ့ ကျောင်းမှတ်တမ်းက အခိုင်အမာ ထောက်ခံပြောဆိုထားပါတယ်။ ဒါပေမဲ့ လက်တွေ့ဘဝထဲဝင်တော့မှ...

ကျွန်တော့်တပည့်တွေကို ကျွန်တော် မေးထားတဲ့ မေးခွန်းတွေ တိတိကျကျ ဖြေဆိုနိုင်အောင် ကျွန်တော်ဟာ ကျွန်တော့်ဘဝအကြောင်းတွေကို မခြွင်းမချန် ပြောပြထားပါတယ်။ ကျွန်တော့်ဘဝနဲ့ပတ်သက်လို့ သိသင့်သိထိုက်တာ မှန်သမျှကို ကျွန်တော့်တပည့်တွေကို အကုန်ပြောပြထားပါတယ်။ သူတို့ ဒါတွေကိုလေ့လာပြီး သူတို့အတွက် လိုအပ်မယ့် လမ်းညွှန်မှုတွေကို သူတို့ကိုယ်တိုင် ထုတ်ယူတတ်ကြဖို့ လိုတယ်လို့ ပြောထားပါတယ်။ သူတို့အတွက် လိုအပ်မယ့် လမ်းညွှန်မှုတွေကို ကျွန်တော့်ဘဝ အတွေ့အကြုံတွေမှာ ရယူနိုင်အောင် ခုလို ပြောပြထားတာ ဖြစ်ပါတယ်။

သူတို့ Oxford တက္ကသိုလ်ကြီးရဲ့ ပရိဝုဏ်ကြီးထဲ ရောက်ခဲ့ကြတယ်။ ကျွန်တော့်ရဲ့ သင်ကြားပို့ချမှုတွေ ခံယူခွင့်ရကြတယ်။ ကျွန်တော်က ကျောင်းစာအပြင် ဘဝအတွက် လိုအပ်မယ့် ဗဟုသုတတွေ၊ ဆောင်ရန်၊ ရှောင်ရန်တွေကိုပါ မျှဝေပေးခဲ့ပါတယ်။ ဒါကြောင့် Harvard Business School ရဲ့ ရင်ခွင်က ခွာပြီဆိုရင် ကျွန်တော့်တပည့်တွေ သူတို့ကိုယ်သူတို့ အရင်ဆုံးမေးရမယ့် မေးခွန်းတွေက "ငါ့ရဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်ဟာ ငါ့ဘဝကို အမှန်ပျော်ရွှင်အောင် ဖန်တီးပေးနိုင်ပါ့မလား" ဆိုတဲ့ မေးခွန်းရယ်၊ ဒီနေရာမှာ ကြုံတုန်းပြောရဦးမယ်။ Frederick Herzberg ဆိုတဲ့ ပညာရှင်ရဲ့ အဆိုအမိန့်ပါ။ ဘာတဲ့လဲဆိုတော့ "ဘဝမှာ အပြင်းထန်ဆုံးတွန်းအားဆိုတာ ငွေကြေးရလို့မှုမဟုတ်ဘူး၊ တတ်သိ နားလည်မှုတွေ အစဉ်တိုးပွားစေမယ့် အခွင့်အရေးကောင်းတွေ ရနေဖို့ရယ်... တတ်သိနားလည်တာနဲ့အမျှ ကြီးကြီးမားမားတာဝန်တွေ ထမ်းဆောင်ဖို့ အခွင့်အလမ်းတွေ ရနေဖို့ရယ်... ဒီလိုတာဝန်ကြီးကြီးမားမား ထမ်းဆောင်ခွင့်ရတာဟာ

mgyoe.com

mgyoe.com SAMPLE BOOK 

လူတွေအများကြီးရဲ့ ကောင်းရာ၊ ကောင်းကြောင်းတွေ အများကြီး ဆောင်ရွက်ပေးနိုင်မှသာလျှင် ဘဝရဲ့ ပျော်ရွှင်မှုအစစ်အမှန်ကို ခံစားနိုင်မှာဖြစ်တယ်။ အများအတွက် ဆောင်ရွက်ပေးနိုင်မှုပေါ်မှာ ရရှိတဲ့ ပီတိကသာလျှင် ဘဝရဲ့ အနှစ်သာရဖြစ်တယ်" တဲ့။

ဒီအမြင်၊ ဒီယူဆချက်ဟာ အလွန်မွန်မြတ်တဲ့အမြင်၊ အလွန်မွန်မြတ်တဲ့ ယူဆချက်ပါ။ ကျွန်တော် Harvard မှာ ဆရာ ဝင်မလုပ်ခင်က ကျွန်တော်ကိုယ်တိုင် စီးပွားရေးလုပ်ငန်းကြီးတွေကို ကိုယ်တိုင်ဦးစီး လုပ်ကိုင်ခဲ့သေးတယ်။ ကျွန်တော် နေ့စဉ် စိတ်ထဲမှာ အာရုံခံပြီး ခံစားမြင်ကြည့်နေတဲ့ မြင်ကွင်းတွေ ရှိပါတယ်။ ဆိုပါစို့၊ ကျွန်တော့်အောက်မှာ ခန့်ထားတဲ့ မန်နေဂျာ၊ ဒီမန်နေဂျာဟာ နံနက်လင်းရင် သူ့ခါးကိုမတ်ပြီး ရင်ကိုကော့မယ်၊ ဝံ့ဝံ့စားစားနဲ့ ရုံးကိုလာမယ်။ သူ့မှာ ယုံကြည်မှုအပြည့်နဲ့ပေါ့။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုလည်း အပြည့်ပဲ။ ဒီလိုနဲ့ ညနေ ရုံးဆင်းချိန် ရောက်လာတယ်။ ကျွန်တော့်စိတ်ထဲ တွေးကြည့်တယ်။ ကျွန်တော့် မန်နေဂျာ ပန်းသွားပြီ၊ ရုံးမှာ ၁၀ နာရီနီးပါးထိုင်ပြီး တစ်နေကုန် လုပ်စရာရှိတာတွေ လုပ်လိုက်ရတယ်။ တစ်နေကုန် သူတစ်ယောက်တည်း၊ ဘယ်သူမှ သူ့နားလာပြီး လုပ်တာကိုင်တာ ကောင်းတယ်၊ တော်တယ်လို့ လာပြီး မချီးကျူးကြဘူး။ သူ တစ်နေကုန် လုပ်နေတာကို လေးစားတန်ဖိုးထားရမှန်းမသိကြဘူး။ ဒီလိုအခြေအနေမျိုးမှာ လူတိုင်း စိတ်ပန်း၊ လူနွမ်းဖြစ်သွားတတ်ကြတယ်။ ဒီလိုအခြေအနေမျိုးမှာ မိသားစုရှိရာ ပြန်ရမယ်ဆိုရင် ဘာတွေဖြစ်လာနိုင်သလဲ။ တစ်နေကုန် ကိုယ့်စိတ်ထဲရှိတာ၊ ကိုယ်စိတ်ကူးတဲ့အရာ၊ ဘာတစ်ခုမျှလည်း လုပ်ခွင့်မရဘူး။ ရုံး လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ မူတွေ ဘောင်တွေ ကြားမှာ...

အထက်က ညွှန်ကြားခိုင်းစေလာသမျှ တစ်နေကုန် သိမ်းကျုံး၊ ကုန်းရုန်းလုပ်... ငါ ဘယ်အနေအထား ရောက်နေပါလိမ့်။ မန်နေဂျာလုပ်သူဟာ ဒီလိုအတွေးတွေနဲ့ အိမ်ပြန်ရောက်သွားတယ်။ နွမ်းလျပြီး ပြန်လာတဲ့ လင်သားကို ဇနီးဖြစ်သူက မြင်ရတော့ စိတ်ထဲမပျော်နိုင်ဘူး။ သားသမီးတွေလည်း စိတ်ပန်း၊ ကိုယ်နွမ်းဖြစ်နေတဲ့ ဖခင်နား သိပ်ပြီးမကပ်ရဲကြဘူး။ မိသားစုစုံလို့ ပျော်ရမယ့်အချိန်မှာ ကျွန်တော့်မန်နေဂျာမိသားစု မပျော်နိုင်ဘူး

ဖြစ်နေမှာကို ကျွန်တော့်စိတ်ထဲ မှန်းပြီးကြည့်တယ်။

ဒါမျိုးက လုံးဝ မဖြစ်သင့်ပါဘူး။ ဖြစ်သင့်တာက ကျွန်တော့် မန်နေဂျာ ညနေစောင်းတဲ့အထိ အလုပ်ထဲမှာ စိတ်နှစ်ထားဆဲ။ အိမ်ပြန်ဖို့ လုံးဝမစဉ်းစားသေးဘူး။ ရုံးဆင်းချိန်လွန်နေပြီ။ တပည့်လုပ်သူ၊ လက်အောက် ငယ်သားက သွားပြီးသတိပေးမှ အလုပ်ချိန်လွန်နေပြီဆိုတာ သိရတယ်။ ဒါတောင် ကျွန်တော့်မန်နေဂျာက စိတ်ပန်း၊ ကိုယ်နွမ်းဖြစ်တဲ့ အမူအရာ လုံးဝကိုမပြဘူး။ မနက် ရုံးလာစဉ်ကအတိုင်း တက်ကြွနေတုန်းပဲ။ ရုံးချိန် လွန်နေပြီဆိုရင်တော့ လက်စသတ်မှထင်တယ်။ လုပ်စရာလေးတွေ နောက် နေ့ ဆက်လုပ်တာပေါ့။ အလုပ်လုပ်ရင်းနဲ့ သိစရာတွေ၊ တတ်စရာတွေ တွေ့လာတယ်။ တစ်နေ့တစ်နေ့ အလုပ်လုပ်ရင်းနဲ့ ငါဟာ ဗဟုသုတတွေ၊ ပညာတွေ တိုးလေပါလားလို့ ကျွန်တော့် မန်နေဂျာ ခံစားနေရတယ်။ မျက်နှာမှာလည်း ပီတိစိတ်တွေ ပေါ်နေတယ်။ တီထွင်စမ်းသပ် လုပ်ကိုင် ရမယ့် နည်းသစ်တွေလည်းမြင်ထားတယ်။ အားရင် ဒီနည်းတွေကို လေ့လာ ဦးမှ၊ လောလောဆယ်တော့ အလုပ်လက်စသတ်ဦးမှ၊ အိမ်က ဇနီးနဲ့ သားတွေ၊ သမီးတွေ မျှော်နေလောက်ပြီ။

ကျွန်တော် ပြောလိုတာက ဒီလိုပါ။ လောကမှာ စီမံခန့်ခွဲမှု အတတ်ပညာဆိုတာ အလွန်အဖိုးတန်တဲ့ ပညာရပ်ပါ။ ဘယ်အလုပ်၊ ဘယ်အရပ်ဒေသ၊ ဘယ်ကာလမှာပဲဖြစ်ဖြစ် ကိုယ်တိုင်စိတ်ကြိုက် စီမံခန့်ခွဲ ခွင့်ရမယ်ဆိုရင် လူတွေဟာ စိတ်ကျေနပ်မှု ရကြပါတယ်။ ဘာကြောင့် စိတ်ကျေနပ်မှုရသလဲဆိုတော့ ကိုယ့်ရဲ့တန်ဖိုးတွေ၊ ကိုယ့်ရဲ့အရည်အချင်း တွေ၊ အစွမ်းအစတွေ ဖော်ထုတ်ပြသခွင့် ရလို့ပါပဲ။ ဒီလိုအခွင့်အရေး မျိုးတွေကို ကျွန်တော့်ရဲ့ မန်နေဂျာတွေ ရသင့်ပါတယ်။ ရအောင်လုပ် ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ကျွန်တော် ခံယူထားပါတယ်။ စီမံခန့်ခွဲမှု အတတ်ပညာဆိုတာ တစ်ဖက်သားကို လုပ်ပိုင်ခွင့်ပေးတာပါ။ တစ်ဖက်သားကို လွတ်လွတ်လပ်လပ် လုပ်သာအောင် လမ်းခင်းပေးတဲ့ ပညာရပ်ပါ။ Management ဆိုတဲ့ စီမံခန့်ခွဲမှုဆိုတာ ကိုယ်ကိုယ်တိုင် လုပ်ကိုင်တာက အနည်းပါ။ တခြားလူတွေကို လုပ်အောင် စီမံတာက အများပါ။ ကိုယ့်ရဲ့ စီမံခန့်ခွဲမှုအောက်မှာ လူတွေ (ထောင်သောင်းမက

mgyoe.com

ရှိနိုင်ပါတယ်) ပေးထားတဲ့ တာဝန်တွေကို တက်တက်ကြွကြွ လုပ်ကိုင်နေပြီဆိုရင် စီမံခန့်ခွဲမှု လမ်းကျတယ်လို့ ခေါ်ရမှာပါ။ စီမံခန့်ခွဲမှုတစ်ခုအောက်မှာ လုပ်နေတဲ့လူတွေဟာ စီမံခန့်ခွဲမှုပြုသူ (တွေ) ထက်ထက်မြက်မြက်ရှိလေ၊ တိုးတက်လာလေပါ။ အလုပ်တွေ တွင်ကျယ်လာမယ်၊ အတွေးသစ် အမြင်သစ်တွေ ဝင်လာမယ်၊ သူတို့လုပ်ကိုင်နေရတဲ့ လုပ်ငန်းခွင်မှာ ပျော်ရွှင်လာမယ်၊ စိတ်ကျေနပ်မှုတွေ ရလာမယ်၊ ဒါဟာ စီမံခန့်ခွဲမှုပညာရပ်ရဲ့ အကျိုးဆက်တွေပါ။

အများအကျိုးဆောင်နိုင်ရင် ကိုယ့်အကျိုးလည်း အောင်ပါတယ်။ အများပျော်ရရင် ကိုယ်လည်း ပျော်ရပါတယ်။ ကျွန်တော့်ဘဝမှာ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်မှာ မဟာဘွဲ့ (Master Degree) ယူထားတဲ့ MBA (Master of Business Administration) တပည့်တွေအများကြီးနဲ့ ထိတွေ့ခဲ့ရပါတယ်။ သူတို့အတွက် ကျွန်တော် ပြောနေကျ စကားရှိပါတယ်။

“စီးပွားရေးဆိုတာ ရောင်းတယ်၊ ဝယ်တယ်၊ ရင်းနှီးမြှုပ်နှံတယ်၊ ဈေးကွက်ရှာတယ်၊ အများကြီးပေါ့ကွာ။ အေး ဒါပေမဲ့ MBA ဘွဲ့ရအများစုဟာ ဘယ်တော့မှ လူတွေကို ဘယ်လိုကူညီရမလဲ မတွေးကြဘူး။ လူတွေကို ကူညီရင်းနဲ့ ငါတို့ရဲ့ စိတ်ချမ်းသာမှုကို ရှာရမယ်လို့ မယုံကြည်ကြဘူး”

စာသင်နှစ်ကုန်လို့ တပည့်တွေနဲ့ လမ်းခွဲရမယ့် အချိန်ရောက်တိုင်း ကျွန်တော် သူတို့ကို အမြဲတမ်း သတိပေးစကား ပြောဖြစ်အောင် ပြောပါတယ်။

“မင်းတို့ သင်ထား၊ တတ်ထားတဲ့ စီမံခန့်ခွဲမှုပညာဆိုတာ ငွေတွေအများကြီးရှာဖို့သက်သက်မဟုတ်ဘူး။ ဘဝရဲ့ အေးငြိမ်းတဲ့ ပျော်ရွှင်၊ စိတ်ချမ်းသာမှုကို ရှာလို့ရတဲ့ပညာပါ...”


◆

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## သင့်ဘဝအတွက် ဗျူဟာတစ်ခုတော့ ရှိသင့်တယ်




ဒုတိယမေးခွန်းဖြစ်တဲ့ "ငါရှာနေတဲ့ ပျော်ရွှင်မှုဆိုတာ ငါ့မိသားစုထဲမှာ ရှာလို့မှတွေ့နိုင်ပါ့မလား" ဆိုတာရဲ့ အဖြေကို ပေးနိုင်ဖို့က 'ဗျူဟာ' လို့ခေါ်တဲ့ strategy ဆိုတဲ့ စကားလုံးကို ယခု ပြောဆိုဆွေးနွေးနေတဲ့ အကြောင်းအရာဖြစ်တဲ့ သင့်ဘဝအတွက် ဗျူဟာတစ်ခုတော့ ရှိသင့်တယ် ဆိုတဲ့အဆိုနဲ့ အံဝင်အောင် အနက်ဖော်ဖို့လိုပါတယ်။ တစ်ချက်သတိပြု

mgyoe.com